ပြည်ထောင်စုလွှတ်တော်ရုံး
သုတေသနဌာန

ရက်စွဲ။ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်

# ဂျာမနီနိုင်ငံ လွှတ်တော်ဝန်ထမ်းများနှင့်စပ်လျဉ်းသော စီမံအုပ်ချုပ်မှုနှင့် ကျင့်ဝတ်များ

## အကျဉ်းချုပ်

ဂျာမနီနိုင်ငံ၏အခြေခံဥပဒေအရ ဂျာမန်ဖက်ဒရယ်သမ္မတနိုင်ငံသည် ဒီမိုကရေစီနှင့်ဆိုရှယ် ဖက်ဒရယ်စနစ်ကို ကျင့်သုံးသောနိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ ဂျာမနီနိုင်ငံတွင် အောက်လွှတ်တော် (Bundestag) နှင့် အထက်လွှတ်တော် (Bundesrat) ဟူ၍ လွှတ်တော်နှစ်ရပ်ရှိပါသည်။

အောက်လွှတ်တော်ဝန်ထမ်းများသည် ပြည်သူ့ဝန်ထမ်းဥပဒေ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအတွက် ကျင့်ဝတ်မူကြမ်းအား လိုက်နာကျင့်သုံးရပါသည်။ အထက်လွှတ်တော် ဝန်ထမ်းများသည် ဝန်ထမ်းဆိုင်ရာ အခြေခံဥပဒေ၊ ဗဟိုအစိုးရပြည်သူ့ဝန်ထမ်း ဥပဒေများကို လိုက်နာကျင့်သုံးရပါသည်။ အချို့သော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများသည် အခြားသောမြို့ပြ ဝန်ထမ်းများ၏ လုပ်ထုံးလုပ်နည်းများနှင့် ရောထွေးလျက်ရှိပါသည်။

အောက်လွှတ်တော် ညွှန်ကြားရေးမှူးချုပ်အား သမ္မတ၏အတည်ပြုချက်ဖြင့် လွှတ်တော်ဥက္ကဋ္ဌက ခန့်အပ်ပါသည်။ အထက်လွှတ်တော်၏ ညွှန်ကြားရေးမှူးချုပ်အား အထက်လွှတ်တော် အစည်းအဝေးတွင် ခန့်အပ်ပါသည်။

ဂျာမနီနိုင်ငံ၏ လွှတ်တော်နှစ်ရပ်စလုံးသည် အခြေခံမူအားဖြင့် လွှတ်တော်အုပ်ချုပ်ရေး ရာကိစ္စရပ်များတွင် လုံးဝလွတ်လပ်သောလုပ်ပိုင်ခွင့်များ အပြည့်အဝရှိကြပါသည်။ လွှတ်တော်အုပ်ချုပ်ရေးအဖွဲ့၏ အကြီးအကဲအား နိုင်ငံရေးတွင်ပါဝင်ပတ်သက်ခွင့်ပြုထားပါသည်။

၂၀၁၄ ခုနှစ် သတင်းအချက်အလက်များအရ ဂျာမနီနိုင်ငံ အောက်လွှတ်တော်တွင် အချိန်ပြည့် တာဝန်ထမ်းဆောင်သည့်ဝန်ထမ်း ၂၄၀၀ ဦးနှင့် အချိန်ပိုင်း တာဝန်ထမ်းဆောင်သည့် ဝန်ထမ်း ၆၂၉ဦး၊ အထက်လွှတ်တော်တွင် ဝန်ထမ်း ၂၀၀ ဦး ရှိပါသည်။

ဤစာတမ်းတိုနှင့်ပတ်သက်၍ သတိပြုရန်အချက်များအား နောက်ဆုံးစာမျက်နှာတွင် ဖော်ပြထားသည်။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၃ |
| ၂။ | လွှတ်တော်ဝန်ထမ်းများအတွက် လွှတ်တော်ဆိုင်ရာစီမံအုပ်ချုပ်မှု | ၃ |
| ၃။ | ဂျာမနီနိုင်ငံလွှတ်တော်ဆိုင်ရာစီမံအုပ်ချုပ်ရေးအဖွဲ့၏ အုပ်ချုပ်မှုဆိုင်ရာမူဝါဒများ | ၃ |
| ၄။ | လွှတ်တော်ဆိုင်ရာစီမံအုပ်ချုပ်ရေးအဖွဲ့အား ဖွဲ့စည်းဆောင်ရွက်ခြင်း | ၅ |
| ၅။ | လွှတ်တော်အုပ်ချုပ်ရေးအဖွဲ့၏ လုပ်ပိုင်ခွင့်အာဏာများ | ၆ |
| ၆။ | လွှတ်တော်ဆိုင်ရာစီမံခန့်ခွဲမှုဆောင်ရွက်ရန် လူ့စွမ်းအားအရင်းအမြစ်နှင့် ဝန်ထမ်းစုဆောင်းရေး | ၇ |
| ၇။ | လွှတ်တော်ဆိုင်ရာ စီမံအုပ်ချုပ်ရေး၏ ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာလုပ်ပိုင်ခွင့် | ၉ |
| ၈။ | စီမံခန့်ခွဲမှုဆောင်ရွက်ရာ၌ စောင့်ကြည့်လေ့လာခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်းနှင့် တာဝန်ခံမှုရှိခြင်း | ၉ |
| ၉။ | လွှတ်တော်ဝန်ထမ်းများ လိုက်နာဆောင်ရွက်ရမည့်ကျင့်ဝတ်များအား ယေဘုယျ ဖွင့်ဆိုခြင်း | ၉ |
| ၁၀။ | နိဂုံး | ၁၁ |

## ဂျာမနီနိုင်ငံ လွှတ်တော်ဝန်ထမ်းများနှင့်စပ်လျဉ်းသော စီမံအုပ်ချုပ်မှုနှင့် ကျင့်ဝတ်များ

**နိဒါန်း**

၁။ ဂျာမနီနိုင်ငံ၏အခြေခံဥပဒေအရ ဂျာမန်ဖက်ဒရယ်သမ္မတနိုင်ငံသည် ဒီမိုကရေစီနှင့်ဆိုရှယ် ဖက်ဒရယ်စနစ်ကို ကျင့်သုံးသောနိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ ဂျာမနီနိုင်ငံတွင် အောက်လွှတ်တော် (Bundestag) နှင့် အထက်လွှတ်တော် (Bundesrat) ဟူ၍ လွှတ်တော် ၂ ရပ်ရှိပါသည်။

၂။ ၂၀၁၄ ခုနှစ် သတင်းအချက်အလက်များအရ ဂျာမနီနိုင်ငံ အောက်လွှတ်တော်တွင် အချိန်ပြည့် တာဝန်ထမ်းဆောင်သည့်ဝန်ထမ်း ၂၄၀၀ ဦးနှင့် အချိန်ပိုင်း တာဝန်ထမ်းဆောင်သည့် ဝန်ထမ်း ၆၂၉ဦး၊ အထက်လွှတ်တော်တွင် ဝန်ထမ်း ၂၀၀ ဦး ရှိပါသည်။[1]

**လွှတ်တော်ဝန်ထမ်းများအတွက် လွှတ်တော်ဆိုင်ရာစီမံအုပ်ချုပ်မှု**

၃။ အောက်လွှတ်တော်ဝန်ထမ်းများသည် ပြည်သူ့ဝန်ထမ်းဥပဒေ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် ကျင့်ဝတ်မူကြမ်းအား လိုက်နာကျင့်သုံးရပါသည်။[2] အထက်လွှတ်တော်ဝန်ထမ်းများသည် ဝန်ထမ်းဆိုင်ရာ အခြေခံဥပဒေ၊ ဗဟိုအစိုးရပြည်သူ့ဝန်ထမ်း ဥပဒေများကို လိုက်နာကျင့်သုံးရပါသည်။

၄။ လွှတ်တော်ဆိုင်ရာစီမံအုပ်ချုပ်ရေးအဖွဲ့သည် လွှတ်လပ်စွာလုပ်ပိုင်ခွင့်ရှိသော်လည်း အချို့သော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများသည် အခြားသောမြို့ပြဝန်ထမ်းများ၏ လုပ်ထုံးလုပ်နည်းများနှင့် ရောထွေးလျက်ရှိပါသည်။ [3]

**ဂျာမနီနိုင်ငံလွှတ်တော်ဆိုင်ရာစီမံအုပ်ချုပ်ရေးအဖွဲ့၏ အုပ်ချုပ်မှုဆိုင်ရာမူဝါဒများ**

၅။ ဂျာမနီနိုင်ငံ၏ လွှတ်တော်နှစ်ရပ်စလုံးသည် အခြေခံမူအားဖြင့် လွှတ်တော်အုပ်ချုပ်ရေးရာကိစ္စရပ်များတွင် လုံးဝလွတ်လပ်သောလုပ်ပိုင်ခွင့်များ အပြည့်အဝရှိကြပါသည်။ လွှတ်တော်အုပ်ချုပ်ရေးအဖွဲ့၏ အကြီးအကဲအား နိုင်ငံရေးတွင်ပါဝင်ပတ်သက်ခွင့်ပြုထားပါသည်။

---

[1] Inter-Parliamentary UnionမှEmailဖြင့်ပေးပို့သောအချက်အလက်များဖြစ်ပါသည်။[accessed date 18 July 2016]

[2] Code of Conduct in Europe https://www.coe.int/t/dghl/monitoring/greco/evaluations/round4/ParliamentaryCodesofConductinEurope_EN.pdf, [accessed date 29 July 2016]

[3] Inter-Parliamentary Union , Codes of conduct for parliamentary staff , http://www.ipu.org/ASGP-e/Zampini.pdf Codes of conduct for parliamentary staff ,[accessed date 29 July 2016]

၆။ အောက်လွှတ်တော်သည် ဂျာမနီနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ ၄၀ အရ အုပ်ချုပ်ရေးနှင့် ပတ်သက်၍ လုပ်ငန်းတာဝန်များကိုဆောင်ရွက်ရန်အတွက် ပွင့်လင်းမြင်သာမှု ရှိခြင်း၊ လူနည်းစုကို ကာကွယ်ခြင်း၊ အများစု၏ထောက်ခံချက်၊ တန်းတူညီမျှရှိခြင်း၊ လွတ်လပ်ခြင်းစသည့် အခြေခံမူများနှင့်အညီ လွှတ်တော်ဆိုင်ရာသီးသန့်စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများကို ကိုယ်ပိုင်ပြဋ္ဌာန်း သတ်မှတ်နိုင်ကြောင်း ဖော်ပြထားပါသည်။ ထို့ကြောင့် အောက်လွှတ်တော်သည် ၎င်းလွှတ်တော်၏အုပ်ချုပ်ရေးအဖွဲ့ကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ လုပ်ပိုင်ခွင့် စည်းမျဉ်းများနှင့်အညီ ရွေးကောက်ပွဲသက်တမ်းကာလတစ်ခုချင်းစီအတွက် သီးသန့်သတ်မှတ်ပါသည်။ ထို့ကြောင့် ဥပဒေကြောင်းအရ လွှတ်တော်အုပ်ချုပ်ရေးအဖွဲ့ကို ဖွဲ့စည်းခြင်းသည် လွှတ်တော်ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်အတိုင်းသာဖြစ်ပါသည်။ အောက်လွှတ်တော်တွင် အုပ်ချုပ်ရေးအဖွဲ့အား လွှတ်တော်ဥက္ကဋ္ဌ၏ အခွင့်အာဏာအောက်တွင်ထားရှိပါသည်။[4] လွှတ်တော်ဝန်ထမ်းများ လိုက်နာကျင့်သုံးရမည့်အခြေခံမူများမှာအောက်ပါအတိုင်းဖြစ်ပါသည်-

(က) လွှတ်တော်ဝန်ထမ်းများ၏တာဝန်နှင့်ဝတ္တရားများကို ပြည်သူ့စီမံအုပ်ချုပ်မှုဥပဒေတွင် ဖော်ပြထားသည့်အပြင် ဗဟိုအစိုးရ၏ဝန်ထမ်းများ ခန့်ထားခြင်းဆိုင်ရာ ပဋိညာဉ်စာတမ်းတွင် ဖော်ပြထားပါသည်။

(ခ) လွှတ်တော်ဆိုင်ရာအထူးတာဝန်များမှာ မူဝါဒစွဲကင်းရှင်းပြီးတာဝန်သိတတ်စွာဖြင့် ကျေပွန်စွာတာဝန်ထမ်းဆောင်စေခြင်း၊ လစ်ဘရယ်ဒီမိုကရေစီဖွဲ့စည်းပုံစနစ်အရ သစ္စာစောင့်သိခြင်း၊ နိုင်ငံရေးလှုပ်ရှားမှုများကို ကန့်သတ်ချက်ဖြင့်သာ ဆောင်ရွက်ခြင်း စသည်တို့ပါဝင်ပါသည်။[5]

၇။ အထက်လွှတ်တော် အုပ်ချုပ်ရေးအဖွဲ့သည် အခြားအစိုးရအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ တရားစီရင်ရေးအဖွဲ့အစည်းများမှ သီးခြားလွတ်လပ်သော အဖွဲ့အစည်းလည်းဖြစ်ပါသည်။ အထက်လွှတ်တော်အုပ်ချုပ်ရေးအဖွဲ့ ဖွဲ့စည်းရေးတွင်လည်း ၎င်းလွှတ်တော်၏ သီးသန့်ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများ သတ်မှတ်ထားပါသည်။ အထက်လွှတ်တော်အုပ်ချုပ်ရေး

---

[4] Inter-Parliamentary Unionမှ Emailဖြင့်ပေးပို့သောအချက်အလက်များဖြစ်ပါသည်။[accessed date 18 July 2016]

[5] Inter-Parliamentary Union , Codes of conduct for parliamentary staff, http://www.ipu.org/ASGP-e/Zampini.pdf ,[accessed date 1 August 2016]

အဖွဲ့အား လွှတ်တော်ဆိုင်ရာစည်းမျဉ်းစည်းကမ်းများ၊ စီမံခန့်ခွဲမှုစနစ်များအရ ဖွဲ့စည်းထားခြင်း ဖြစ်ပါသည်။ [6]

**လွှတ်တော်ဆိုင်ရာစီမံအုပ်ချုပ်ရေးအဖွဲ့အား ဖွဲ့စည်းဆောင်ရွက်ခြင်း**

၈။ အောက်လွှတ်တော်အုပ်ချုပ်ရေးအဖွဲ့တွင် လွှတ်တော်ဥက္ကဋ္ဌသည် အာဏာအရှိဆုံးပုဂ္ဂိုလ် ဖြစ်ပါသည်။ လွှတ်တော်၏ညွှန်ကြားရေးမှူးချုပ်သည် ဌာနခွဲအားလုံး၏ အကြီးအကဲဖြစ်ပြီး လွှတ်တော်အုပ်ချုပ်ရေးဒါရိုက်တာအဖွဲ့၏ခေါင်းဆောင်လည်းဖြစ်ပါသည်။ဂျာမနီအောက်လွှတ်တော် အုပ်ချုပ်ရေးအဖွဲ့တွင် ဒါရိုက်တာအဖွဲ့ ၄ ဖွဲ့ရှိပါသည်။ ဗဟိုဝန်ထမ်းအဖွဲ့၊ လွှတ်တော်နှင့် ကိုယ်စားလှယ်များ၊ သုတေသနနှင့် လွှတ်တော်ပြင်ပ ဆက်ဆံရေးနှင့် သတင်းအချက်အလက်နှင့် စာရွက်စာတမ်းများ ထိန်းသိမ်းရေးဌာနတို့ဖြစ်ပါသည်။ [7]

၉။ အထက်လွှတ်တော်၏ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့သည် အုပ်ချုပ်ရေး ကော်မတီများ၏ အကြီးအကဲများဖြစ်ပြီး ဒါရိုက်တာအဖွဲ့ဝင်များလည်းဖြစ်ပါသည်။ ဥပဒေရေးရာကော်မတီ နှင့်စေ့စပ်ညှိနှိုင်းရေးကော်မတီတို့က အုပ်ချုပ်ရေးအဖွဲ့ကို ထောက်ပံ့ပေးပါ သည်။ အထက်လွှတ်တော်အုပ်ချုပ်ရေးအဖွဲ့၏ဖွဲ့စည်းပုံသည် အောက်လွှတ်တော်အုပ်ချုပ်ရေး အဖွဲ့၏ဖွဲ့စည်းပုံနှင့်တူညီပါသည်။ ဒါရိုက်တာအဖွဲ့ဝင်အများစုသည် ညွှန်ကြားရေးမှူးချုပ် လက် အောက်ရှိ အုပ်ချုပ်ရေးအဖွဲ့၏ ဌာနခွဲများအားလုံးအတွက် တာဝန်ရှိပါသည်။ ဒါရိုက်တာ အဖွဲ့ဝင် များမှာ ကော်မတီဒါရိုက်တာ၊ လွှတ်တော်ရေးရာ၊ လွှတ်တော်ဝန်ဆောင်မှု၊ လွှတ်တော်ဥပဒေ၊ လွှတ်တော်ဆက်ဆံရေး၊ ဘာသာရပ်ဆိုင်ရာဝန်ဆောင်မှု၊ ဥက္ကဋ္ဌရုံး၊ သံတမန်ရေးရာနှင့် မိန့်ခွန်း များ၊ ပြည်သူ့ဆက်ဆံရေးနှင့်လေ့လာရေး ဝန်ဆောင်မှုရေးရာ ဒါရိုက်တာ၊ အထက်လွှတ်တော် အုပ်ချုပ်ရေးအဖွဲ့၏အရေးကြီးသော လူ့စွမ်းအားအရင်းအမြစ်ဌာန၊ စာကြည့်တိုက်၊ စာရွက်စာတမ်း များ ထိန်းသိမ်းရေးဌာနနှင့် နည်းပညာထောက်ပံ့ရေးအဖွဲ့ ဒါရိုက်တာတို့ဖြစ်ပါသည်။ [8]

[6] Inter-Parliamentary Unionမှ Emailဖြင့်ပေးပို့သောအချက်အလက်များဖြစ်ပါသည်။[accessed date 18 July 2016]

[7] Ibid.

[8] Ibid.

## လွှတ်တော်အုပ်ချုပ်ရေးအဖွဲ့၏ လုပ်ပိုင်ခွင့်အာဏာများ

၁၀။ အောက်လွှတ်တော်အုပ်ချုပ်ရေးအဖွဲ့သည် ဝန်ထမ်းရေးရာနှင့် နည်းပညာကိစ္စရပ်များအား စီမံခန့်ခွဲရန်တာဝန်ရှိပါသည်။ ၎င်း၏လုပ်ပိုင်ခွင့်များမှာ လွှတ်တော်မော်ကွန်းတိုက်၊ စာကြည့်တိုက်နှင့် သုတေသန အထူးပြုဝန်ဆောင်မှုလုပ်ငန်းများ၊ နိုင်ငံတကာဆက်ဆံရေး၊ အသနားခံစာကိစ္စရပ်များနှင့်လွှတ်တော်တွင်းတူညီသောအခွင့်အလမ်းများရရှိစေရေးတို့ဖြစ်ပါသည်။ အုပ်ချုပ်ရေးဌာနသည် ပုံနှိပ်ရေးနှင့်သုတေသန အတွက်လည်းတာဝန်ရှိပြီး လွှတ်တော်ရေးရာ သတင်းအချက်အလက်စနစ်အတွက်လည်း တာဝန်ယူဆောင်ရွက်ရပါသည်။

၁၁။ ဥပဒေပြုရေးကိစ္စရပ်များဆောင်ရွက်ခြင်းသည် အောက်လွှတ်တော်၏ အုပ်ချုပ်ရေးအဖွဲ့၏ အဓိကတာဝန် တစ်ရပ်မဟုတ်ပါ။ ၎င်းသည် ပြည်ထောင်စုဝန်ကြီးဌာနများက ဆောင်ရွက်ရမည့် ကိစ္စရပ်များသာ ဖြစ်ပါသည်။

၁၂။ အထက်လွှတ်တော်တွင်ရှိသော ညွှန်ကြားရေးမှူးချုပ်ရုံး၏ ဝန်ထမ်းများအားလုံးသည် ၎င်း၏အုပ်ချုပ်မှုအောက်တွင် တာဝန်ထမ်းဆောင်ရပါသည်။ ညွှန်ကြားရေးမှူးချုပ်သည် အထက်လွှတ်တော်ဥက္ကဋ္ဌ၏ကိုယ်စား ဒုတိယညွှန်ကြားရေးမှူးချုပ်၏အကူအညီဖြင့် ဆောင်ရွက်ပြီး ရာထူးအမြင့်ဆုံးအုပ်ချုပ်သူတစ်ဦး ဖြစ်ပါသည်။ ညွှန်ကြားရေးမှူးချုပ်သည် လွှတ်တော်ဥက္ကဋ္ဌ၏ နေ့စဉ်လုပ်ငန်းတာဝန်များဆောင်ရွက်မှုကို ထောက်ပံ့ရပါသည်။ ညွှန်ကြားရေးမှူးချုပ်သည် လွှတ်တော်ပုံမှန်အစည်းအဝေးအတွက် အစည်းအဝေးအစီအစဉ်ရေးဆွဲခြင်း၊ ဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်း၊ လွှတ်တော်ဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်းသောကိစ္စရပ်များအား အကြံပြုခြင်း၊ မဲရေတွက်ရာတွင်ကူညီထောက်ပံ့ခြင်းစသည်တို့ကိုဆောင်ရွက်ပါသည်။ ပုံမှန်အစည်းအဝေးကျင်းပချိန်၌ ညွှန်ကြားရေးမှူးချုပ်သည် အထက်လွှတ်တော်ဥက္ကဋ္ဌ၏ဘေးတွင် ထိုင်ရပါသည်။ ညွှန်ကြားရေးမှူးချုပ်သည် အောက်လွှတ်တော်၊ပြည်ထောင်စုအစိုးရနှင့်ပြည်နယ်အစိုးရများအပြင် နိုင်ငံတကာပါလီမန်များနှင့်လည်းချိတ်ဆက်ဆောင်ရွက်ရပါသည်။ ၎င်းသည် အမြဲတမ်းအကြံပေးကောင်စီ၏ အစည်းအဝေးများသို့လည်း တက်ရောက်ရပါသည်။ [9]

[9] Ibid.

**လွှတ်တော်ဆိုင်ရာစီမံခန့်ခွဲမှုဆောင်ရွက်ရန် လူ့စွမ်းအားအရင်းအမြစ်နှင့် ဝန်ထမ်းစုဆောင်းရေး**

၁၃။ လွှတ်တော် ၂ ရပ်လုံး၏ ဝန်ထမ်းသစ်ခန့်အပ်ခြင်းတွင် လွှတ်တော်အုပ်ချုပ်ရေးအဖွဲ့ရုံးမှသာ တိုက်ရိုက်စုဆောင်းခန့်ထားပါသည်။

၁၄။ အောက်လွှတ်တော် ညွှန်ကြားရေးမှူးချုပ်အား သမ္မတ၏အတည်ပြုချက်ဖြင့် လွှတ်တော်ဥက္ကဋ္ဌက ခန့်အပ်ပါသည်။ အောက်လွှတ်တော်တွင် ဝန်ထမ်းများခန့်အပ်ခြင်း၊ ထုတ်ပယ်ခြင်းကို လွှတ်တော်ဥက္ကဋ္ဌက သာလုပ်ပိုင်ခွင့်ရှိပါသည်။

၁၅။ အောက်လွှတ်တော်၏ညွှန်ကြားရေးမှူးချုပ်သည် လွှတ်တော်ဥက္ကဋ္ဌ၏ကိုယ်စား လွှတ်တော်အုပ်ချုပ်ရေးအဖွဲ့အားဦးဆောင်ပြီး အုပ်ချုပ်ရေးအဖွဲ့နှင့်ဆက်နွယ်နေသောကိစ္စများတွင် လွှတ်တော်ဥက္ကဋ္ဌကို ကိုယ်စားပြုပါသည်။

၁၆။ အောက်လွှတ်တော် အုပ်ချုပ်ရေးဌာနဝန်ထမ်းများသည် အခြားသောပြည်သူ့ဝန်ထမ်းအရာရှိများကဲ့သို့ တူညီသောအခွင့်အရေးနှင့် လူမှုဘဝလုံခြုံရေးတို့ကို ခံစားခွင့်ရှိပါသည်။ ဗဟိုအုပ်ချုပ်ရေးဒါရိုက်တာအဖွဲ့၏ ဝန်ထမ်းရေးရာဌာနခွဲနှစ်ခုသည် ဝန်ထမ်းသစ် ခန့်အပ်ခြင်း၊ ဌာနတွင်းနေရာချထားခြင်းတို့ကို ဆောင်ရွက်ရပါသည်။[10] အောက်လွှတ်တော်ဝန်ထမ်းများနှင့်စပ်လျဉ်း၍-

(က) **ဝန်ထမ်းသစ်စုဆောင်းခြင်း ။** လစ်လပ်သောရာထူးနေရာများအတွက်ပြည်သူလူထုသို့ ကြေငြာချက်များထုတ်ပြန်၍ စိစစ်ရွေးချယ်ပါသည်။ အမျိုးသမီးဝန်ထမ်းသစ်များအား ဦးစားပေး၍ခေါ်ယူပါသည်။ ပြည်သူ့ဝန်ထမ်းများနှင့် ပတ်သက်၍ ၃ နှစ်မှ ၁ နှစ်အတွင်း အစမ်းခန့်ကာလပြီးနောက်တွင် အမြဲတမ်းဝန်ထမ်းအဖြစ်အတည်ပြုခန့်အပ်ပါသည်။

(ခ) **ရာထူးတိုးမြှင့်ရေး။** ရာထူးတိုးမြှင့်ရေးနှင့်ပတ်သက်၍အောက်လွှတ်တော်၏ အုပ်ချုပ်ရေးဝါရင့်အရာရှိကြီးများက ရာထူးတိုးမြှင့်ပေးရမည့် ဝန်ထမ်းကို လိုအပ်သောအရည်အချင်း၊ ကျွမ်းကျင်မှုများရှိ၊ မရှိ အကဲဖြတ်ရပါသည်။ ပါလီမန်ဝန်ထမ်းများ၏ရာထူးတိုးတက်မှုများကို ပင်ကိုယ်အရည်အချင်းရှိသူ အောက်လွှတ်တော်၌ ချမှတ်ထားသော အခြေခံမူပေါ်မူတည်၍ ခန့်အပ်ပါသည်။ အလယ်အလတ်အဆင့်

[10] Ibid.

နှင့် အထက်အဆင့်များသို့ ရာထူးတိုးမြင့်ရေးအတွက် လုပ်ထုံးလုပ်နည်းအရ ဦးဆောင်အဖွဲ့၏ထောက်ခံချက်လိုအပ်ပါသည်။

(ဂ) **အခြားသောတာဝန်ထမ်းဆောင်မှုများ။** အစိုးရအရာရှိများသည် လွှတ်တော် အဖွဲ့အစည်းများထံသို့လစာမဲ့ဖြင့်အထောက်အကူပြုတာဝန်ထမ်းဆောင်နိုင်ပါသည်။ ယင်းအခြေအနေမျိုးတွင်၎င်းတို့အား ခွင့်အဖြစ်သတ်မှတ်ပေးထားပါသည်။ ယာယီ လစာပေး ဝန်ထမ်းများကို ပုဂ္ဂလိကစာချုပ်ဖြင့် ခန့်ထားရေးစနစ်အရ ခန့်ထားပါ သည်။

(ဃ) **အုပ်ချုပ်ရေးဆိုင်ရာရာထူးနေရာများအတွက်ခန့်အပ်ခြင်း။** အောက်လွှတ်တော် ဝန်ထမ်းများသည် ဥက္ကဋ္ဌ၏အုပ်ချုပ်မှုအောက်တွင်ရှိပြီး ဦးဆောင်အဖွဲ့၏ အကြံပြု ချက်နှင့်စည်းမျဉ်း၊ စည်းကမ်းနှင့်အညီ အတွင်းရေးမှူး၊ ကော်မတီဌာနများ၏ ခေါင်းဆောင်ရာထူးနေရာများ၊ ကော်မတီအတွင်းအရေးမှူးနေရာများကို ခန့်အပ် ခွင့်ရှိပါသည်။[11]

၁၇။ အထက်လွှတ်တော်၏ ညွှန်ကြားရေးမှူးချုပ်အား အထက်လွှတ်တော်အစည်းအဝေးတွင် ခန့်အပ်ပါသည်။ အထက်လွှတ်တော်တွင် လွှတ်တော်ဝန်ထမ်းများကို မြို့ပြဝန်ထမ်းအဖြစ်သို့ သာမန်အားဖြင့် ပြောင်းရွှေ့ခွင့်မရှိပါ။ သို့သော် အထူးကိစ္စရပ်အနေဖြင့် ပြောင်းရွှေ့ခွင့်ပြုထားပါ သည်။ အထက်လွှတ်တော်တွင် ဝန်ထမ်းငှားရမ်းခြင်း၊ ထုတ်ပယ်ခြင်းတို့ကို လွှတ်တော်၏ အုပ်ချုပ်ရေးဆိုင်ရာ ဝါရင့်အရာရှိများနှင့် ညွှန်ကြားရေးမှူးချုပ်တို့မှ တာဝန်ခွဲဝေဆောင်ရွက်ပါသည်။ အထက်လွှတ်တော်တွင်လည်း ထိုနည်းတူပင်ဖြစ်သော်လည်း အချို့အချက်များတွင် အခြားသော နိုင်ငံ့ဝန်ထမ်းများထက် ပိုမိုမြင့်မားသော ပြဋ္ဌာန်းသတ်မှတ်ချက်များလည်း ရှိပါသည်။[12] အထက် လွှတ်တော်ဝန်ထမ်းများနှင့်စပ်လျဉ်း၍-

(က) **ဝန်ထမ်းသစ်စုဆောင်းခြင်းနှင့်လုပ်သက်။** ကြော်ငြာများတွင်ဖော်ပြခြင်းဖြင့် ခေါ်ယူပါ သည်။ အလုပ်ခန့်ရာတွင်အချိန်ကာလကန့်သတ်ချက်မရှိ ခေါ်ယူလေ့ရှိပါ

---

[11] Inter-Parliamentary Union , Codes of conduct for parliamentary staff, http://www.ipu.org/ASGP-e/Zampini.pdf, [accessed date 5 August 2016]

[12] Inter-Parliamentary Unionမှ Emailဖြင့်ပေးပို့သောအချက်အလက်များဖြစ်ပါသည်။[accessed date 18 July 2016]

သည်။ အထက်လွှတ်တော်တွင် ပါလီမန်ဆိုင်ရာအဖွဲ့အစည်း မရှိသောကြောင့် အထက်လွှတ်တော်ဝန်ထမ်းများက အောက်လွှတ်တော် ပါလီမန်ဆိုင်ရာ အဖွဲ့အစည်းတွင် သွားရောက်တာဝန်ထမ်းဆောင်နိုင်ပါသည်။

(ခ) **စီမံအုပ်ချုပ်ရေးဆိုင်ရာ ရာထူးနေရာများအတွက် ခန့်အပ်ခြင်း။** စီမံအုပ်ချုပ်ရေးဆိုင်ရာ ရာထူးနေရာများသို့ ခန့်အပ်ရာတွင်လည်း ညွှန်ကြားရေးမှူးချုပ်သည် အမြဲတမ်းအတိုင်ပင်ခံကောင်စီနှင့် ဆွေးနွေးညှိနှိုင်းပြီးနောက် ခန့်အပ်ရပါသည်။[13]

**လွှတ်တော်ဆိုင်ရာ စီမံအုပ်ချုပ်ရေး၏ ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာလုပ်ပိုင်ခွင့်**

၁၈။ အောက်လွှတ်တော်သည် ငွေရေးကြေးရေးလုပ်ပိုင်ခွင့်များရှိပါသည်။ ဘဏ္ဍာရေးဝန်ကြီးဌာန အနေနှင့် ဘတ်ဂျက်ဆိုင်ရာမူကြမ်းအား စစ်ဆေးသည့်နေရာတွင် ပါဝင်ရပါသည်။ လွှတ်တော်နှစ်ရပ်လုံးတွင်သီးခြားပိုင်ဆိုင်မှုမရှိဘဲ နိုင်ငံတော်၏ပိုင်ဆိုင်မှုသာဖြစ်ပါသည်။ ဘတ်ဂျက်ဆိုင်ရာ ကိစ္စရပ်များတွင် အုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုအရ ဆောင်ရွက်ရပါသည်။

၁၉။ အောက်လွှတ်တော်၏ ဥပဒေရေးရာဒါရိုက်တာအဖွဲ့တွင် ဘတ်ဂျက်ဌာနခွဲသည် အောက်လွှတ်တော်အတွက် သင့်လျော်သည်ဟု ဆုံးဖြတ်ပြီးဖြစ်သော နှစ်စဉ်အရအသုံးခန့်မှန်းခြေ မူကြမ်းကို ပြုစုရပါသည်။ လွှတ်တော်ဦးဆောင်အဖွဲ့၏ ချမှတ်ထားသောမူဝါဒနှင့်အညီ ဘတ်ဂျက်စာရင်းများကိုလည်း ရေးဆွဲပြုစုရပါသည်။ [14]

**စီမံခန့်ခွဲမှုဆောင်ရွက်ရာ၌ စောင့်ကြည့်လေ့လာခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်းနှင့် တာဝန်ခံမှုရှိခြင်း**

၂၀။ အောက်လွှတ်တော်တွင် ဌာနတွင်းစာရင်းစစ်ဆေးခြင်းကို ညွှန်ကြားရေးမှူးချုပ်၏ လက်အောက်ရှိ အဖွဲ့မှ စစ်ဆေးပါသည်။ အထက်လွှတ်တော်တွင်လည်း ၎င်းအတိုင်းပင် ဆောင်ရွက်ပါသည်။[15]

**လွှတ်တော်ဝန်ထမ်းများ လိုက်နာဆောင်ရွက်ရမည့်ကျင့်ဝတ်များအား ယေဘုယျဖွင့်ဆိုခြင်း**

၂၁။ အောက်လွှတ်တော်ဝန်ထမ်းများ၏ သဘောသဘာဝများ၊ အလေ့အကျင့်များ၊ ရည်မှန်းချက်များအပေါ် မူတည်၍ကျင့်ဝတ်များရေးဆွဲရပါသည်။ ယင်းကျင့်ဝတ်များ၏ -

---

[13] Inter-Parliamentary Union , Codes of conduct for parliamentary staff, http://www.ipu.org/ASGP-e/Zampini.pdf , [accessed date 8 August 2016]

[14] Inter-Parliamentary UnionမှEmailဖြင့်ပေးပို့သောအချက်အလက်များဖြစ်ပါသည်။[accessed date 18 July 2016]

[15] Ibid.

(က) **ထိရောက်မှု။** ပါလီမန်ဝန်ထမ်းများအတွက် လိုက်နာကျင့်သုံးရမည့်ကျင့်ဝတ်များသည် အခြေခံမှုများတွင်ပါဝင်သော စံသတ်မှတ်ချက်များအပြင် အခြားသော တာဝန်၊ ဝတ္တရားများလည်း ရှိပါသည်။

(ခ) **နည်းစနစ်ရေးဆွဲခြင်း။** ဝန်ကြီးဌာနအတွင်းရှိအကျင့်ပျက်ခြစားမှုများအား ကြိုတင်ကာကွယ်နိုင်ရန်အတွက် လိုက်နာကျင့်သုံးရမည့် ကျင့်ဝတ်များအား ပြည်ထဲရေးဝန်ကြီးဌာနမှ ဥပဒေရေးဆွဲလျှက်ရှိပါသည်။ ၎င်းဥပဒေသည်ပါလီမန် ဝန်ထမ်းများအပါအဝင် ပြည်သူ့ဝန်ထမ်းများအားလုံးမှ လိုက်နာရမည်ဖြစ်ပါသည်။

(ဃ) **တိုင်ကြားမှုများအားအရေးယူခြင်း။** ရုံးတာဝန်၊ဝတ္တရားများကိုရုံးဝန်ထမ်းများက လစ်ဟင်းမှုရှိခဲ့ပါက လခစားဝန်ထမ်းများနှင့် သက်ဆိုင်သည့် ပြည့်သူ့အုပ်ချုပ်ရေး ဥပဒေအရ အရေးယူခြင်းခံရပါ မည်။ သို့သော် အလုပ်သမားဥပဒေတွင်လည်း ၎င်းတို့အား အသိပေးခြင်း၊ ဌာနပြောင်းခြင်း၊ ရာထူးမှ ထုတ်ပယ်ခြင်းစသည်တို့ ပြုလုပ်နိုင်ပါသည်။ထို့ပြင်၎င်းတို့သည်လွတ်လပ်သောခုံရုံး(သို့မဟုတ်)အုပ်ချုပ်ရေး အဖွဲ့မှ ဆုံးဖြတ်နိုင်ပြီး ၎င်းတို့သည် ၎င်းအဖွဲ့များတွင် အယူခံဝင်နိုင်ပါသည်။

(င) **လိုက်နာရမည့်သူများ။** ဝန်ထမ်းအားလုံးလိုက်နာရမည်။ လွှတ်တော်များဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များအဖွဲ့မှ ချမှတ်သော ကျင့်ဝတ်တစ်ခုသည် လွှတ်တော်အားလုံးမှ လိုက်နာရန်မဖြစ်နိုင်သဖြင့် မိမိတို့၏နိုင်ငံလွှတ်တော်များ အလိုက် အခြေခံမှုအားရယူ၍ ပြန်လည်ရေးဆွဲရန်ဖြစ်ပါ သည်။[16]

၂၂။ အထက်လွှတ်တော်ဝန်ထမ်းများ၏ သဘောသဘာဝများ၊ အလေ့အကျင့်များ၊ ရည်မှန်းချက်များအပေါ်မူတည်၍ကျင့်ဝတ်များရေးဆွဲရပါသည်။ ယင်းကျင့်ဝတ်များ၏ -

(က) **ထိရောက်မှု။** အချို့သော အခြေခံကျသည့်မူဝါဒ၊ လုပ်ထုံးလုပ်နည်းများသည် ရှုပ်ထွေးသော ကျင့်ဝတ်များထက် ပို၍ ထိရောက်မှုရှိစေနိုင်ပါသည်။

(ခ) **နည်းစနစ်ရေးဆွဲခြင်း။** အမြဲတမ်းအတိုင်ပင်ခံကောင်စီ၏ အကြံပြုချက်ဖြင့် လွှတ်တော်ဥက္ကဋ္ဌမှ ထုတ်ပြန်ပါသည်။

---

[16] Inter-Parliamentary Union , Codes of conduct for parliamentary staff, http://www.ipu.org/ASGP-e/Zampini.pdf, [accessed date 10 August 2016]

(ဂ) **တိုင်ကြားမှုများအားအရေးယူခြင်း။** တိတိကျကျသတ်မှတ်ထားခြင်းမရှိပါ။သို့သော် တိုင်ကြားမှုများသည် ဥပဒေပြုသူများ (လွှတ်တော်ကိုယ်စားလှယ်များ) ၏တာဝန် ဖြစ်ပါသည်။

(ဃ) **ပြည့်စုံရမည့်အချက်များ။** ရွေးချယ်ခံပြီးသော ကိုယ်စားလှယ်များနှင့်ဆက်သွယ်မှုရှိသူ၊ ပြင်ပအတတ်ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်မှုရှိသူ၊ သင့်တင့်လျောက်ပတ်စွာ ပြုမူနေထိုင်တတ်သူ၊ နှုတ်လုံ၍ ယုံကြည်ရသောသူဖြစ်ရပါ မည်။

(င) **လိုက်နာရမည့်သူများ။** ဝန်ထမ်းအားလုံးလိုက်နာရမည်ဖြစ်ပါသည်။ လွှတ်တော်အားလုံးမှ လွှတ်တော်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များအတွက် ကျင့်ထုံးဆိုင်ရာ ဥပဒေတစ်ခုတည်းဖြင့် ပြဋ္ဌာန်းခြင်းသည် လုံလောက်မှုမရှိပါ။[17]

**နီဂိုး**

၂၃။ ဂျာမနီနိုင်ငံ လွှတ်တော်ဝန်ထမ်းများနှင့်စပ်လျဉ်းသော စီမံအုပ်ချုပ်မှုများသည် အောက်ပါတို့အား ညွှန်ပြနေကြောင်းတွေ့ရှိရပါသည်-

(က) လွှတ်တော်အုပ်ချုပ်ရေးအဖွဲ့၏ အကြီးအကဲအား နိုင်ငံရေးတွင်ပါဝင်ပတ်သက်ခွင့်ပြုထားခြင်း၊

(ခ) ဥပဒေပြုရေးကိစ္စရပ်များဆောင်ရွက်ခြင်းသည် အောက်လွှတ်တော်၏ အုပ်ချုပ်ရေးအဖွဲ့၏ အဓိကတာဝန်တစ်ရပ်မဟုတ်ဘဲပြည်ထောင်စုဝန်ကြီးဌာနများကဆောင်ရွက်ရမည့်ကိစ္စရပ်ဖြစ်ခြင်း၊

(ဂ) အထက်လွှတ်တော်တွင် လွှတ်တော်ဝန်ထမ်းများကိုမြို့ပြဝန်ထမ်းအဖြစ်သို့ သာမန်အားဖြင့် ပြောင်းရွှေ့ခွင့်မရှိပါ။ သို့သော်လည်း အထူးကိစ္စရပ်အနေဖြင့် ပြောင်းရွှေ့ခွင့်ပြုထားခြင်း၊

(ဃ) အထူးသဖြင့် အောက်လွှတ်တော်တွင် ဝန်ထမ်းများ ခြစားခြင်းများ၊ လာဘ်ပေးလာဘ်ယူပြုခြင်းများအား အဂတိလိုက်စားမှုဥပဒေဖြင့် ပြင်းပြင်းထန်ထန် ကာကွယ်တိုက်ဖျက်လျှက်ရှိခြင်း။

[17] Ibid.

၂၄။ သို့ဖြစ်ပါ ၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူ့လွှတ်တော်ဝန်ထမ်းများသည် ဂျာမနီနိုင်ငံလွှတ်တော်မှ ဝန်ထမ်းများ၏ လုပ်ငန်းတာဝန်များ၊ စီမံအုပ်ချုပ်မှုများနှင့် ၎င်းတို့ လိုက်နာကျင့်သုံးနေရသော ကျင့်ဝတ်များအား သိရှိလေ့လာပြီး သက်ဆိုင်ရာလုပ်ငန်းတာဂန်များ အား ပြီးမြောက်အောင် မြင်စွာဆောင်ရွက်နိုင်ရေးအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ရေးသားတင်ပြအပ်ပါသည်။

သုတေသနဌာန

ပြည်သူ့လွှတ်တော်ရုံး

**သတိပြုရန်**

ဤသတင်းအချက်အလက်သည် လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏ လွှတ်တော်ဆိုင်ရာ တာဝန်များကို ဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက် ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စ တစ်စုံတစ်ခုအတွက် အသုံးပြုရန်မဟုတ်ပါ။ အချိန်နှင့်တပြေးညီ နောက်ဆုံးရသတင်းဖြစ်မည်ဟု သတ်မှတ် မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင် သို့မဟုတ် ပညာရှင်ဆိုင်ရာအကြံပေးချက်အဖြစ် မသတ်မှတ်သင့်ပါ။ အထူးအကြံပေးချက် သို့မဟုတ် သတင်းအချက်အလက်များလိုအပ်ပါက အရည် အသွေးပြည့်မီသော သင့်လျော်သည့် ကျွမ်းကျင်ပညာရှင်နှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။ လွှတ်တော် သုတေသနဝန်ဆောင်မှုသည် စာတမ်းတိုများတွင် ပါဝင်သောအကြောင်းအရာများနှင့် စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များ၊ လွှတ်တော်ဝန်ထမ်းများနှင့် ဆွေးနွေးမှုများ ပြုလုပ်ပေးနိုင်ပါသည်။ အများပြည်သူနှင့် ဆွေးနွေးမှုများ ပြုလုပ်ခြင်းမရှိပါ။

သုတေသနလုပ်ငန်းဆိုင်ရာ စုံစမ်းမေးမြန်းမှုများပြုလုပ်ရန်
(သို့မဟုတ်) သုတေသနဌာနအား လာရောက်လေ့လာရန်
အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်။
သုတေသနဌာန
ပြည်သူ့လွှတ်တော် C ဆောင် - ဒုတိယထပ်
တယ်လီဖုန်း - ၀၆၇ - ၅၉၁၂၈၄၊ ၀၆၇ - ၅၉၁၂၈၅

Research Dept; Email - pyithuhluttawresearch@gmail.com